# ဂျူ

## တိမ် တိုက် က ကြိုး



DESIGN THEIN SHWE KYI

# အခန်း (၁)

"အမလေး"

"ချွမ် ခလွမ်"

ကော်ဖီခွက်ယူပြီး အလှည့်မှာ တစ်စုံတစ်ယောက်နှင့် တိုက်မိလိုက်တာမို့ မိုးစက်ချို လန့်ဖျပ်ကာ အော်လိုက်မိသည် ။ သူမလက်ထဲက ကော်ဖီခွက်လေးက ထိုလူ ရင်ဘတ်က တစ်ဆင့် ပြောင်လက်နေသော ရှူးဖိနပ်ပေါ်ကနေ သမံတလင်းမှာ ကျကွဲသွားသည် ။

"ဟင်"

မီးခိုးရောင် ကုတ်အင်္ကျီလေးမှာ ကော်ဖီတွေ စွန်းထင်းသွားတာကို သူ့ကိုယ်သူ အံ့အားသင့်နေဟန် ရှိသော ထိုလူရဲ့ ချောမော ခန့်ညားဟန်ကြောင့် မိုးစက်ချို ဟင်ခနဲတောင် ဖြစ်လို့ သွားသည် ။

"တောင်း တောင်းပန်ပါတယ်၊ မိုးစက် ဘာလုပ်ပေးရမလဲ"

"ရပါတယ်၊ နောက်ခန်းထဲမှာ ခွင့်တောင်းပြီး ရေဆေး ချလိုက်မယ်၊ မင်းဘာသာ ကော်ဖီ နောက်တစ်ခွက်ယူပြီး သွားသောက်ပါ"

တည်ငြိမ်၍ ဩဇာသံပါသော အသံနှင့် ပြောကာ နောက်ခန်းဘက် ဝင်သွားသည် ။ မိုးစက် မျက်စေ့တစ်ဆုံး လိုက်ကြည့်ရင်းက အားတုံ့အား

နာ မျက်နှာလည်း ပူမိ၏။

အရမ်းကို တန်ဖိုးကြီးမည့် ကုတ်အင်္ကျီ ရင်ဘတ်ရှေ့ တစ်ခုလုံး ကော်ဖီတွေ စွန်းထင်းသွားခဲ့တာ။ လုပ်ငန်းရှင် လူကြီး လူကောင်း သူဌေးပုံစံပေါက်ပေမဲ့ အသက်ကတော့ သူမနှင့် ရွယ်တူလောက်ပဲ ရှိလိမ့်မည် ထင်သည် ။

အလွန်ဆုံးရှိ နှစ်ဆယ့်ငါး ပတ်ဝန်းကျင်ပေါ့။

ဒါပေမဲ့ သေသပ်စွာ ဖြီးသင်ထားသော ဆံပင်နှင့် အညိုရောင် မျက်လုံး၊ ထောင့်ချိုးညီနေသော နှုတ်ခမ်းများကြောင့် တည်ငြိမ် ရင့်ကျက်မှုတွေဖြင့် ခန့်ညားလှသည် ။

"ဟော သူ ထွက် လာပြီ"

မျက်နှာပူ အားနာ လှသောကြောင့် ထိုလူ့အတွက်ပါ ကော်ဖီတစ်ခွက်ယူထားပေးမိပြီး ရေချိုးခန်းဘက်က ထွက်အလာမှာ အပြေးလေး သွားမိသည် ။

"ရှင့်အတွက် မိုးစက် ကော်ဖီခွက် ယူထားပါတယ်၊ ရှင့်အကြိုက်နဲ့ အဆင်ပြေပါ့မလား မသိပေမဲ့ လာသောက်ပါနော်"

"သြော် ကျေးဇူးပဲ"

မတူမတန် ထည်ထည်ဝါဝါ မရှိသလို သူမကိုလည်း စိတ်ဆိုးပုံမရဘဲ အေးအေးသက်သာ သူမနောက်က လိုက်လာတာမို့ နာမည် မသိရသေးသော ထိုလူ့အပေါ် သူမ လေးစား ခင်မင်မှုလေး ဖြစ်သွားရသည် ။

ကြာရိပ်ညိုလို့ နာမည်မေးထားသော ဒီကော်ဖီဘားလေးက ပတ်ပတ်လည် မှန်တွေအပြည့် ကာရံထားပြီး အပြင်ဘက် ပတ်ဝန်းကျင်က လူတွေ ကားတွေ လွတ်လပ်စွာ သွားလာလှုပ်ရှား သက်ဝင်မှုတွေ

အားလုံးကို တွေ့မြင် ခံစားလို့ ရသည့် နေရာလေး ဖြစ်သည် ။

ဒီနေ့မှ သူမလည်း ဒီကော်ဖီဘားလေးထဲကို ဝင်ဖြစ်တာ။ တခြား ဆိုင်တွေက ကော်ဖီဆိုပြီး မှာ လိုက်သော်လည်း ကိုယ်ကြိုက်သော အရ သာမျိုး ဖြစ်ချင်မှ ဖြစ်သည် ။ ဒီဆိုင်ကတော့ ဘူဖေးစနစ်လို ကောင်တာ စားပွဲ ပေါ်ကနေ ကိုယ့်စိတ်ကြိုက် ဖျော်သောက်ရ၏။

ကိုယ်ထိုင်ချင်သော စားပွဲဝိုင်းမှာ ထိုင်ခုံရှည်လေးတွေပေါ် ထိုင်၍ ပြင်ပကို စိတ်လွတ်ကိုယ်လွတ် ငေးနေလို့ ရသည် ။

"ဟို အရမ်း အားနာပါတယ်နော်၊ ခုနက လန့်သွားတာနဲ့ မတောင်းပ န်လိုက်ရဘူး၊ မိုးစက် တကယ်ကို သတိ မထားမိလိုက်လို့ ပါ"

"ရပါတယ် ဒီလိုမျိုး ဖြစ်တတ်တာပဲ၊ ကျွန်တော်ကလည်း မိုးစက်နော် "

"ဟုတ်ကဲ့ မိုးစက်ချိုပါ"

"အင်း မိုးစက်ကို သတိမထားမိဘဲ ကော်ဖီယူဖို့ ပဲ အာရုံရောက်နေ တာ"

"အင်္ကျီတွေက စိုရွှဲလို့ ဖြစ်ပါ့မလားဟင်"

"ဝန်ထမ်းလေးတွေက Dryer နဲ့ မှုတ်ပေးလိုက်လို့ သိပ်ရေမစိုတော့ ပါဘူး၊ အောက်က အင်္ကျီလည်း ရေမစိုတော့ အဆင်ပြေပါတယ်"

"ဟို ရှင့်နာမည်"

"အသွင်သစ်"

"ရှင်"

"ဩော် အသွင်သစ်ပါ၊ တချို့က အသစ်လို့ ခေါ်ကြတယ်၊ မိုးစက် အ

ဆင်ပြေသလို ခေါ်ချင်သလို ခေါ်ပါ"

နာမည်က ခန့်ညားမှုနှင့် မလိုက်ဖက်သလို ဆိုပေမဲ့ နူးညံ့ သိမ်မွေ့သယောင် ချစ်စရာလေးပင်။

"ကော်ဖီ သောက်ပါဦးနော် အသစ်"

"ဟုတ်ကဲ့"

"မုန့်ရော စားမလား အသစ်၊ မိုးစ် မှာ ပေးမယ်"

"ဟင့်အင်း အိမ်ရောက်တာနဲ့ ရေမိုးချိုးပြီး ထမင်းစားရမှာ ၊ မုန့်စားပြီး ဗိုက်ပြည့်သွားလို့ မဖြစ်ဘူး"

"ဩော်"

မဆာရင် မစားလည်း ဖြစ်တာကို ကပျာကသီ ငြင်းသလို ဖြစ်သွားတာကြောင့် မိုးစက် နားမလည်နိုင်အောင် ဖြစ်သွားသည် ။ အသွင်သစ်ပုံစံက ကော်ဖီတစ်ခွက်ကို သောက်ပြီး အပြင်က သွားလာ လှုပ်ရှားမှုတွေကို စိတ်ဝင်စားနေဟန် ရှိ၏။

အသက်အရွယ်နှင့် စာလျှင် အရမ်းကို ရင့်ကျက်ပြီး တည်ငြိမ်လွန်းနေသည် ဟု ထင်မိသည် ။ သူမနှင့် စကားစမြည် ပြောဖို့ လည်း စိတ်ကူးရှိဟန်မတူ။

မိတ်ဆွေဖွဲ့ရင်းနှင့် ရင်းနှီးပတ်သက်မှုမျိုး ဖြစ်မှာ စိုး၍ စကားနည်းနှုတ်ဆိတ် နေတာပဲလား မသိ။ သူမအနေနှင့် ဘေးချင်း ယှဉ်ထိုင်လျက်နှင့် ဒီလို တိတ်ဆိတ်မှုမျိုးကို လက်မခံနိုင်ပါ။

"အသစ် ဘာတွေ စိတ်ဝင်စားနေတာလဲဟင်"

"ဩော် လူတွေ ရယ်မော ပြောဆိုပြီး သွားလာ လှုပ်ရှား နေကြတာ

ဘာအချုပ်အနှောင် ဘောင်တွေမှ မရှိသလိုပဲ၊ အရမ်းကို ပေါ့ပါး လွတ်လပ်နေကြတာ အားကျဖို့ ကောင်းတယ်"

"ဟင် အသစ်က ဘာတွေ အချုပ်အနှောင် ခံပြီး မလွတ်မလပ် ဖြစ်နေလို့ လဲ"

"ဟို ဘာ ဘာမှ မဟုတ်ပါဘူးပါ ဒီလိုပဲ"

စပ်စုလိုက်တာဟု မပြောချင်ပေမဲ့ မိုးစက်ချို ဆိုသော ကောင်မလေး စကားများ တာတော့ အမှန်ပဲ ဖြစ်သည် ။ ဒါပေမဲ့ အနားမှာ အဖော်ရှိသလို ခံစားရတာကြောင့် အရင်နေ့တွေလို အထီးမကျန်တော့တာ သေချာသည် ။

"မိုးစက်က ဒီဆိုင်မှာ အမြဲထိုင်တတ်သလား"

"ဟင့်အင်း အပြင်မှာ အရမ်းပူနေတာနဲ့ ဒီနေ့မှ ဝင်ထိုင်တာ၊ သူငယ်ချင်းတွေနဲ့ အလုပ် အင်တာဗျူးတစ်ခု ဖြေပြီး ပြန်လာတာလေ၊ သူတို့ က ရုပ်ရှင် ဝင်ကြည့်နေကြတယ်၊ ရှင်ကရော"

"ကျွန်တော်ကတော့ နေ့တိုင်း နာရီဝက်လောက်တော့ ဝင်ထိုင်ဖြစ်တယ်၊ ကုမ္ပဏီက အပြန် ဒီလိုအချိန်ပေါ့၊ ဒီကနေပြီး အပြင်က လှုပ်ရှားမှုတွေကို ကြည့်ရတာ အရသာရှိတယ်"

"ရှင်ပြောတာတွေက အထူးအဆန်းတွေ ချည်းပဲနော်၊ ကုမ္ပဏီမှာ ဆိုတော့ ရှင်က ဘာလုပ်တာလဲ သူဌေးလား"

အသွင်သစ် နှုတ်ခမ်းလေး ပြုံးယောင်ပြုပြီး။

"အင်း သူဌေးဆိုလည်း သူဌေးပေါ့၊ ဆောက်လုပ်ရေး လုပ်ငန်းကြီး တစ်ခုပါ၊ ဟိုတယ် အဆောက်အဦနဲ့ မြေနေရာတွေ လုပ်တယ်"

"ဪ သူဌေးတွေပေါ့"

အားငယ်သွားတာမျိုး မဟုတ်ခဲ့ပေမဲ့ မိသားစုမှာ အဆင်ပြေခဲ့သော အချိန်တွေကိုတော့ ပြန်ပြောင်း သတိရသွားမိသည် ။ ဒါပေမဲ့ အတက်အကျ အပြောင်းအလဲရှိသော လောကဓံကို သိမ်ငယ်ဖို့ မလိုကြောင်း ဖေဖေက အမြဲလို အားပေးခဲ့၏။

"မင်းလည်း တွေးတတ်သားပဲနော်"

"ရှင်"

"ငြိမ်သွားလို့ မေးကြည့်တာပါ၊ ဒါနဲ့ မင်းကော်ဖီဖျော်တတ်သားပဲ၊ ခါးသက်သက်လေးနဲ့ စိမ့်တဲ့ အရသာကို ကြိုက်တယ်ထင်တယ်"

"ဟုတ် ဒီဆိုင်ကို ကြုံတိုင်း လာထိုင်ဖြစ်တော့မယ် ထင်တယ်၊ တခြားနေရာတွေမှာ သောက်တုန်းက ကော်ဖီက အရမ်းခါးလွန်းတာနဲ့ ချိုသလိုကြီး ဖြစ်နေတာနဲ့ သိပ်အဆင်မပြေဘူး။ ဒီဆိုင်က ကိုယ့်ဘာသာစိတ်ကြိုက် ဖျော်သောက်လို့ ရတယ်လေ"

"ကိုယ်က အခု မင်းဖျော်ပေးတဲ့ အရာသာကို ကြိုက်ပေမဲ့ ကိုယ့်ဘာသာတော့ သိပ်မဖျော်တတ်သလို ဖြစ်သလိုပါပဲ၊ ဒီမှာ ထိုင်လို့ ရတာပဲ အဆင်ပြေနေပြီ၊ ဟင် ကိုယ် ပြန်မှ ဖြစ်တော့မယ် ဆောရီးနော်"

လက်ကနာရီကို မြှောက်ကြည့်၍ ကသုတ်ကရက် ထထွက် သွားတာကြောင့် မိုးစက်ချို ကြောင်တောင်တောင်နှင့် အံ့အားသင့်ကာ ကျန်ခဲ့ရသည် ။

အသွင်သစ် ဆိုတာ ဘယ်လိုလူစားမျိုးပါလဲ။

သူမမှာ တော့ စိတ်ဝင်စားမှုများ စွာဖြင့် ...။

***

# အခန်း (၂)

"မောင် ဆယ်မိနစ်နီးပါး နောက်ကျတယ်၊ ဘာဖြစ်လို့ လဲ"

"လမ်း လမ်းတွေ အရမ်းပိတ်နေလို့ မမနိုင်ရဲ့ "

"အဲဒီဆင်ခြေက အရမ်းရိုးလွန်းတယ် မောင်၊ မောင်နဲ့ ကုမ္ပဏီက တစ်ချိန်တည်း ထွက် လာပြီး မောင့်လိုပဲ အပြင်မှာ နာရီဝက် အချိန်ပေးထားတဲ့ ရန်လေးတောင် အိမ်ပြန်ရောက်နေပြီ၊ မောင်က ဘာလို့ နောက်ကျရတာလဲ"

"မောင်က ရန်လေးလို မီးပွိုင့်က ကားတွေကို ကျော်ခွပြီး မမောင်းရဲတာ မမနိုင် သိလျက်သားနဲ့ ၊ ရန်လေးလောက် မောင် ကားမောင်း မကျွမ်းဘူးလေ မမနိုင်"

"ကျွတ်"

အသွင်သစ် ဘာပြောပြော မမနိုင် လက်ခံချင်ပုံ မပေါ်။ အကဲခတ်နေသော မျက်ဝန်းများ စူးရှလက်တောက်နေပြီး နှုတ်ခမ်းနီ ရဲရဲဆိုးထားသည့် နှုတ်ခမ်းလေးက အလိုမကျဟန် တင်းတင်းစေ့ထား၏။

ဆယ်မိနစ်ဆိုတာ ဘယ်လောက်တောင် အပြစ်ကြီးသွားလို့ သူက မမနိုင်ရှေ့မှာ မတုန်မလှုပ် မဝံ့မရဲ ဖြစ်နေရတာပါလဲ။

"မောင် ဒီနေ့ ကိုယ့်အပြစ်ကိုယ် သိတယ်နော်"

"ဗျာ"

"ရေအမြန်ချိုး ပြီးရင် ထမင်းစား၊ ပြီးတာနဲ့ ကုမ္ပဏီက လုပ်စရာရှိတဲ့ စာရင်းတွေ မှတ်တမ်းတွေ အားလုံး ညတစ်နာရီထိ လုပ်ရမယ်"

"ပြီးရင် ဒရင်းဘတ်မှာ အိပ်ခိုင်းမှာ မဟုတ်လား မမနိုင်"

"အဟင်း အဲလို ခွဲမအိပ်ချင်ရင် မောင် အချိန်နဲ့ ပြန်လာရမှာ ပေ့ါ၊ မောင့်ကို စောင့်နေတဲ့ ဆယ်မိနစ်အတွင်းမှာ မမနိုင် ဆံပင်မွေး ဘယ်နှ ချောင်း ဖြူသွားလဲ မောင်သိလား"

"မမနိုင်ရယ် ရန်ကုန်မြို့ရဲ့ ကားလေးတွေကို သိလျက်နဲ့ အချိန်ကို အ တိအကျ ခန့်မှန်းထားလို့ ရမလား"

"ဒါဆို မမနိုင် စိတ်မပူအောင် ကော်ဖီဆိုင်ကနေ ဆယ်မိနစ် စောပြီး ထပြန်ခဲ့ပါလား မောင်၊ တချို့ဆို မိန်းမမျက်နှာကို မြင်ချင်လွန်းလို့ အလု ပ်ချိန်ကို စောပြန်လာကြတာ"

"ကုမ္ပဏီကနေ ရုံးချိန်ထက် စောပြီး ပြန်လာရင်လည်း မမနိုင် မကြို က်ဘူး မဟုတ်လား"

တင်မေနိုင် ဆတ်ခနဲပင် ခေါင်းညိတ်ကာ

"ဒါက ဝန်ထမ်းတွေ အလုပ်ချိန်ကို သိပြီး လေးစားတတ်အောင် ဖေ ဖေကိုယ်တိုင် အလေ့အကျင့် လုပ်ခဲ့တဲ့ စည်းကမ်းတစ်ခုပဲ မောင်၊ ဒီစည်း ကမ်းကို မမနိုင်တို့ မောင်နှမ နှစ်ယောက်စလုံး လိုက်နာခဲ့ကြတယ်၊ ကိုယ်ရေးကိုယ်တာနဲ့ ဘယ်လောက်ပဲ အရေးကြီးတဲ့ ကိစ္စတွေ ရှိပါစေ ဘယ်တော့မှ မချိုးဖောက်ခဲ့ကြဘူး၊ မောင်နဲ့ ချစ်သူ ဘဝတုန်းကတောင် မမနိုင် အချိန် အလဟဿ အချိန်ဖြုန်းခဲ့တာမျိုး ရှိခဲ့သလား"

နှုတ်ခမ်းလေးတွန့်စွာ ပြုံးမိလျက် ခေါင်းယမ်းပြရသည် ။ ဒါတောင် မထိမဲ့မြင် ပြုံးတာလားလို့ အပြောခံရမှာ စိုး၍ ခေါင်းငုံ့ပြီး မသိမသာ ပြုံးလိုက်ရတာပါ။

"မမနိုင် အရမ်းတော်ပါတယ်၊ အရမ်း ထက်မြက်ပါတယ်၊ ကျွန်တော်ရော ရန်လေးရော လိုက်မမီနိုင်တဲ့ အရည်အချင်းတွေ ရှိတယ် ဆိုတာ သိပါတယ်"

"မောင် ငေါ့နေတာလား"

"ကဲ ကျွန်တော် စကားကောင်း ပြောတော့လည်း ငေါ့တယ်လို့ ထင်ပြန်ပြီ မမရဲ့ ထက်မြက်မှုတွေကို ကျွန်တော် သဘောကျလို့ လက်ထပ်ခဲ့ပါ"

အခုတော့ လွှမ်းမိုးမှုတွေကြောင့် မွန်းကျပ် နေပြီ ဆိုတဲ့ အကြောင်းကို ဆက်မပြောဖြစ်။ တင်မေနိုင်ရဲ့ တင်းမာနေသော မျက်နှာလေးက အနည်းငယ် ပျော့ပျောင်းလာကာ

"အဲဒီလို ထက်မြက်တဲ့ အရည်အချင်းတွေ ရှိဖို့ အတွက် ဖေဖေ့ဆီမှာ အောက်ခြေကစပြီး လေ့လာ သင်ယူခဲ့ရတာ၊ အဲဒီအချိန်တွေက မောင်လေးက ငယ်သေးတော့ သူ့တာဝန်ကလည်း ရှိသေးတယ်၊ ဒါပေမဲ့ မမနိုင် ပင်ပန်းတယ်လို့ မထင်ခဲ့ဘူး၊ ဗိသုကာ ပညာကို စိတ်ဝင်စားလို့ အဲဒီပညာရပ်ကို လေ့လာ သင်ယူခဲ့တယ်၊ မြေကွက်ကို ဈေးကစားပြီး အရောင်းအဝယ် လုပ်ရတာကို ဝါသနာပါတယ်၊ ဖေဖေကတော့ မမနိုင်လုပ်မှ ပိုပြီး အောင်မြင်ခဲ့တယ်လို့ ပြောတာပဲ၊ အဲဒီစကားက မမနိုင်ကို အားပေးသလို ဖြစ်ခဲ့တယ်လေ"

"အဲဒါကြောင့် မမနိုင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီး ကြိုးစားနိုင်ခဲ့တာ မဟုတ်လား၊ ရန်လေးက ဒါကို ဝါသနာမပါဘဲ လုပ်နေရတာလို့

ပြောတယ်"

တင်မေနိုင် နှုတ်ခမ်းလေး လှုပ်ရုံ မဲ့လိုက်ပြီး ခုတင်ပေါ်က ထရပ်ကာ အခန်းထဲမှာ ရှိသော ဆိုဖာခုံလေးမှာ သွားထိုင်သည် ။ သူတို့ ကိုလည်း မေးငေါ့ကာ လာထိုင် ဆိုသော အရိပ်အရောင် ပြ၏။

"ရန်လေးက ဆရာဝန် ဖြစ်ချင်တာ၊ ဒါပေမဲ့ ဒါက လက်ဆင့်ကမ်းရမယ့် မိဘအမွေအနှစ်လေ၊ မမနိုင် ပင်ပန်း လာပြီဆိုရင် သူ လက်လွှဲယူရမယ့် တာဝန်တစ်ခုပဲ၊ အခု မောင်နဲ့ လက်ထပ်လိုက်တော့ မမနိုင် ပိုပြီး အားရှိသွားတယ်"

"အိမ်ထောင်သက် ငါးနှစ်အတွင်းမှာ မမနိုင် စိတ်တိုင်းကျတာမျိုး မရှိသေးဘူး မဟုတ်လား၊ ကျွန်တော့်နဲ့ ရန်လေးက မမနိုင် ထင်တားသလောက် အောင်မြင်အောင် လုပ်မပြနိုင်ဘူးလေ၊ မမနိုင် လုပ်သမျှကို ပိုပြီး အောင်မြင်နေတာ"

"အဲဒါကို သိရင် မမနိုင်ထက် ပိုပြီး တော်အောင်ကို မင်းတို့ ကြိုးစားရမှာ ၊ အခုက မင်းတို့ နှစ်ယောက်စလုံး ဝန်ထမ်းတွေကို အုပ်ချုပ် စီမံဖို့တောင် စနစ်မကျသေးဘူးလို့ ထင်တယ်၊ မြေကွက် အရောင်းအဝယ်နဲ့ လုံးချင်းတိုက် ကိစ္စတွေ သိန်းသုံးထောင်လော်က အရှုံးပြသွားတာ။ မင်းတို့ ရဲ့ အရည်အချင်း ညံ့ဖျင်းကြောင်း သက်သေပြလိုက်တာပဲ "

ပြောတိုင်း ဒီအကြောင်းက ပါစမြဲမို့ အပ်ကြောင်းထပ်နေပြီလို့ အပြစ်မတင်ချင်။ မမနိုင်လောက် အရည်အချင်း မရှိတာတော့ ဝန်ခံရမည်ပင်။ သူတို့ ကို ပြစ်တင် ရှုတ်ချပြီး မမနိုင် အဲဒီ သိန်းသုံးထောင်မကပြန်ရှာပြခဲ့သည် မဟုတ်လား။

"ကျွန်တော်တို့ လည်း အဲဒီကိစ္စအတွက် အခုချိန်ထိ စိတ်မကောင်းဖြစ်နေကြတာပါ၊ ကိုယ့်မိတ်ဆွေရင်းထဲက လူတွေ ဒီလို လုပ်လိမ်မယ်

လည်း မထင်တာကြောင့်"

"တခြားသူမပြောနဲ့ ကိုယ်ကကျူးရင် ကိုယ့်ဒူးတောင် ယုံလို့ မရဘူး မောင်၊ ဇာတ်တူသားစားပြီး အသားထဲက လောက်ထွက်တတ်တာ ကိုယ့်မွေးချင်း ကိုယ့်မိတ်ဆွေ အရင်းတွေက ပိုများ တယ်၊ ဒါကို မင်းတို့ က သွားယုံတော့ မင်းတို့ မှားတာပေ့ါ၊ နောက်တစ်ခါ အဲလိုကိစ္စမျိုး ဖြစ်ရင် မင်းတို့ ကို မမနိုင် ခွင့်မလွှတ်ဘူး"

တစ်လနီးပါး အခန်းခွဲအိပ်ခိုင်းပြီး မီတင်ခေါ်၍ ဝန်ထမ်းတွေရှေ့မှာ ဒါရိုက်တာအဖွဲ့ဝင်တွေ ရှေ့မှာ ကြိမ်းမောင်း ပြောဆို ပြစ်တင် ရှုတ်ချခဲ့တာတောင် မကျေနပ် သေးဘူးလားလို့ မေးပစ်လိုက်ချင်သည် ။ အမြဲလို နှာခေါင်းရှုံ့ပြီး အထင်အမြင် သေးနေတာကလည်း မာနကို ထိခိုက်သည် မို့ ခံပြင်းမှုတို့ ကို ဖြစ်ပေါ်စေ၏။

ဒါပေမဲ့ သူရော မမနိုင်ရဲ့ မောင်အရင်း ဖြစ်သည့် ရန်နောင်ရော မမနိုင်ကို တွန်းလှန် ဆန့်ကျင်ရဲသည့် အင်အား မရှိကြပါ။ ရန်နောင်နှင့်သူက တစ်တန်းတည်း တက်ခဲ့သည့် သူငယ်ချင်းတွေ။

ဗိသုကာပညာရပ်ကို ကိုယ်က ဝါသနာ အနည်းငယ် ပါပေမဲ့ အစ်မဖြစ်သူရဲ့ ဆန္ဒကြောင့် ဆရာဝန်မလုပ်ဖြစ်ခဲ့သည့် ရန်နောင်က ရင်ဖွင့်ရင်းဖြင့် နှစ်ယောက်သား ရင်းနှီး ခင်မင်သွားခဲ့ကြပြီး ရန်နောင်တို့ အိမ်ကို မကြာခဏ အလည်အပတ် သွားဖြစ်ခဲ့သည် ။

အဲဒီမှာ ဒီပညာကို တွန်းအားပေးသော မမနိုင်က သူမလေ့လာခဲ့သမျှ သင်ပြပေးရင်းနှင့် အစားအသောက်တွေ ပြင်ဆင် လုပ်ကိုင် ကျွေးမွေးတာမို့ ထိုအိမ်က မခွာနိုင်အောင် ဖြစ်ခဲ့သည် ။ ထိုအချိန်တွေတည်းက မမနိုင်ရဲ့ စည်းကမ်းကြီး တိကျလွန်းတာ မာနကြီး ထက်မြက်တာ၊ နှိမ့်ချဆက်ဆံတတ်တာကို သူ သိခဲ့သည် ။

ဒါပေမဲ့ အသက်အရွယ်ထက် နုပျို လှပ ချောမောပြီး မျက်ဝန်းလေးတွေ စူးရှရှ စိမ်းလက်သော မမနိုင်ကို နှလုံးသားနှစ်၍ သူ ချစ်မြတ်နိုးခဲ့သည် ။

"ငါ မမနိုင်ကို ချစ်တယ်၊ ငါ့မိဘတွေကလည်း ငါ့ကို ထိန်းကျောင်း နိုင်မယ့်သူ ဆိုပြီး သဘောတူနေကြတယ်၊ မင်း ဘယ်လိုသဘောရလဲ ရန်လေး"

ရန်လေးကို ပွင့်လင်းစွာပင် အရင်ဆုံး ဖွင့်ပြော ဖြစ်၏။

"ငါ့အစ်မနဲ့ အသက် ဆယ်နှစ်တောင် ကွာတာ၊ မင်း ပြန်စဉ်းစားပါဦး ၊ စိတ်ကစားတဲ့ အရွယ်တောင် လွန် လာပြီ ဆိုတော့ မင်းကို ငါအပြစ်တော့ မပြောချင်ပါဘူး၊ ဒါပေမဲ့ နှလုံးသားနဲ့ ဆုံးဖြတ်တာ မဟုတ်ဘဲ ဘဝ လက်တွဲဖော်အဖြစ် အဆင်ပြေမယ်ထင်လို့ ရွေးချယ်တာ ဆိုရင်တော့ တစ်နေ့နေ့မှာ မင်း စိတ်ကုန်သွားလိမ့်မယ်"

"အဲဒီလို ဖြစ်စရာလားကွာ၊ မမနိုင်ကို ငါတကယ်ချစ်တာပါ၊ ယောကျ်ား တစ်ယောက်ဟာလည်း အထိန်းအကွပ်မဲ့ရင် ပရမ်းပတာ ဖြစ်တတ်တာပဲ၊ မမနိုင်က လှတယ်၊ ပညာတတ်တယ်၊ အိမ်ထောင်မှုလည်း ထိန်းသိမ်းနိုင်တယ်၊ စည်းကမ်းကြီးပြီး မိန်းမပီသတယ်၊ ဒါတွေက ယောကျ်ားတစ်ယောက်ကို ဆွဲဆောင်နိုင်တဲ့ အရည်အချင်းတွေ ဆိုတာ ယောကျ်ားတစ်ယောက် ဖြစ်တဲ့ မင်းလည်း နားလည်မှာ ပါ"

"မင်း ဆန္ဒပြင်းပြတယ်ဆိုရင် ငါ့ဘက်က ကန့်ကွက်စရာ မရှိပါဘူး၊ မင်းကို ငါယုံတယ်"

အချစ်ဆုံး သူငယ်ချင်းမို့ ရန်နောင်းက သူ့ကို ယုံကြည်ကာ မမနိုင်နှင့် ကိစ္စကို မကန့်ကွက်ခဲ့ပေ။ လူကြီးတွေကိုလည်း ရန်နောင် ကိုယ်တိုင် ပြောပေးတာမို့ ကျောင်းပြီးတာနှင့် မင်္ဂလာဆောင်ဖို့ ကိစ္စ အဆင်ပြေ

သွားခဲ့သည် ။

မမနိုင်ကို လက်ထပ်ခွင့် ရခဲ့သည့်အတွက် သူ ဘယ်လောက်တောင် ပျော်ရွှင် ကြည်နူးပြီး ဂုဏ်ယူခဲ့ရသလဲ။ ပတ်ဝန်းကျင်က ကိုယ့်ထက် အသက် ဆယ်နှစ်လောက် ကြီးသော မိန်းမကို ယူလို့ ဖြစ်မှ ဖြစ်ပါ့မလား၊ ယောကျ်ားပဋ္ဌင်း မိန်းမ ပုခက်တွင်း၊ ယောကျ်ားလေးက အသက်အရွယ် ကြီးမှ သာ အဆင်ပြေတာ၊ ဒီလိုသာဆို အငယ်အနှောင်း ထားတော့မှာ ပဲ ဘာညာနှင့် ဝေဖန်သမုတ် အတင်းအဖျင်းတွေ ပြောကြသည် ။

မမနိုင်လည်း ထိုသတင်း ကြားပြီး ထိုကိစ္စမျိုး တွေ့ဖူး ကြားဖူးနေမှာပင်။

"မောင်နော် အဲလိုကိစ္စမျိုး ဖြစ်လို့ ကတော့ မောင့်ကိုလည်း သတ်မယ်၊ မောင့် အငယ်အနှောင်းကိုလည်း သတ်မယ်၊ မမနိုင်လည်း ကိုယ့်ကိုယ်ကိုယ် သတ်သေမှာ ပဲ၊ မမနိုင် အခုချိန်ထိ နေလာတဲ့ သက်တမ်း တစ်လျှောက်လုံး ဂုဏ်သိက္ခာကို တစ်စက်လေးမှ အပွန်းအပဲ အစွန်းအထင်း ရှိခဲ့တာ မဟုတ်ဘူး ၊ စီးပွားရေးကို ဘယ်လို အောင်မြင်အောင် လုပ်ရမလဲ ဆိုတဲ့ ရည်ရွယ်ချက်က လွဲရင် အိမ်ထောင်ပြုဖို့ လည်း စိတ်ကူးမရှိဘူး၊ ဒါပေမဲ့ မမနိုင် မောင့်ကို ချစ်တယ်၊ မောင်လေးရဲ့ သူငယ်ချင်းဖြစ်လို့ ယုံလည်း ယုံကြည်တယ်၊ ပြီးတော့ မောင့်ရဲ့ ဝါသနာက မမနိုင်တို့ ရဲ့ လုပ်ငန်းနဲ့ လည်း ကိုက်ညီတယ်၊ ဒါကြောင့် ဖေဖေ့ကို ရအောင် ပြောပြီး မောင့်ကိုလက်ထပ်တာ"

သူနှင့် မမနိုင် လက်ထပ်ပွဲက အလွယ်တကူ ဖြစ်ခဲ့တာတော့ မဟုတ်ပေ။ မမနိုင်အဖေ ဦးအောင်ထွန်းမြင့်က အသက်အရွယ် ကွာဟတာကြောင့် သမီးအတွက် စိုးရိမ်စိတ်ကြီးကာ သဘောမတူနိုင်ဘူးဟု အတိုက်အခံတွေ ဖြစ်ကြသေး၏။

မမနိုင်ဘက်ကလည်း အပြင်းအထန် ဆန့်ကျင်တာမျိုး မဟုတ်ပေမဲ့ သူ့ကို မစွန့်လွှတ် နိုင်တာကြောင့် အခြေအတင် ဆေးနွေးရတာတွေ ရှိခဲ့သည် ။

အခုတော့လည်း အိမ်ထောင်သက် ငါးနှစ်ဝန်းကျင်တောင် ရှိပြီမို့ အားလုံးရဲ့ ယုံကြည်မှု ရနေပြီဟု ပြောလို့ ရ၏။ ဒါပေမဲ့ ဘာကြောင့်များ အခုချိန်မှာ မွန်းကျပ်မှုတွေကို ခံစားနေရပြီး လွတ်မြောက် ချင်နေရတာလဲ။

"မောင်"

"ဟင် ဟင် မမနိုင်"

"မမနိုင် ပြောနေတာကို ဘာမှ ပြန်မပြောဘဲ ဘာတွေ တွေးနေတာလဲ မောင်၊ ဒီဘက်ကနားကဝင်၊ ဟိုဘက်နားက ထွက်အောင် မထီမဲ့မြင် ဂရုမစိုက်ပုံစံ ချိုးနေတာလား"

"မ မဟုတ်ပါဘူး မမနိုင်၊ ဒီလုပ်ငန်း လုပ်ရင်း သင်ခန်းစာ ရလိုက်တော့ နောက်မဖြစ်ရအောင် ဆင်ခြင်ရမယ်လို့ စဉ်းစားမိလို့ ပါ"

"ထားပါတော့ ဒါက မှားမမှား စောင့်ကြည့်ရမယ့်ကိစ္စပဲ၊ အခု အချိန်နောက်ကျတာက ကားပိတ်လို့ ပါ ဆိုတဲ့ ဆင်ခြေနဲ့ မလုံလောက်ဘူး၊ နာရီဝက် အချိန်ပေးထားတာကို ရုပ်သိမ်းလိုက်ရမလား မောင်"

"ဟာ မ မလုပ်ပါနဲ့ မမနိုင်၊ နေ့ရောညရော အလုပ်နဲ့ ပဲ အချိန်ကုန်နေတာ၊ ဒီနာရီဝက်ပဲ ပတ်ဝန်းကျင်နဲ့ ထိတွေ့ ဆက်ဆံဖို့ ရှိတာပါ"

"အမှားလုပ်ဖို့ ခြေလှမ်း စနေတာဆိုရင်"

"မမနိုင်ရယ် ကျွန်တော် တကယ် ဘာမှ မလုပ်ဘူး၊ စိတ်ချ ကျွန်တော် မမကိုပဲ ချစ်တာပါ"

"ဟွန်း ဒီလိုပြောလို့ ခုနက ပြောထားတဲ့ အပြစ်ကို လျှော့လိုက်မယ် မထင်နဲ့၊ သိတယ်နော်"

လက်ညှိုးလေးနှင့် နဖူးကို ခပ်နာနာ ထိုးခေါက်ပြီး မမနိုင် အခန်းထဲက ထွက်သွား၏။ ဟန့်တားလိုက်ဖို့ မမနိုင်ဟု ခေါ်လိုက်ဖို့ ပြင်လိုက်သော်လည်း ပါးစပ်ဖျားက အကျင့်ပါစွာ ထွက်မသွားချေ။

ခေါ်မိလျှင်ရော မမနိုင်က သူမ ဆုံးဖြတ်ထားတာကို ပြင်မှာ မို့လား။ သူမ ခိုင်းတဲ့ အတိုင်း မလုပ်ရင် သာယာမှုဟာ ဘောင်တွေနှင့် ခြံခတ်ထားရင် အစစ်အမှန်နဲ့ တည်မြဲဖို့ ခဲယဉ်းလိမ့်မည် ထင်သည် ။

ဝေးဝေးနေတတ်အောင် အလေ့အကျင့် လုပ်ပေးနေတာလား မမနိုင်ရယ်။

***

# အခန်း (၃)

ညဉ့်နက်ပြီလား၊ ဘယ်နနာရီ ထိုးသွားပြီလဲ။ နာရီမကြည့်မိအောင် သတိထားပြီး စာကြည့်ခန်းထဲမှာ အလုပ်တွေ လုပ်ရင်းဖြင့် စိတ်ကို နှစ်ထားလိုက်သည် ။

စာရင်းဇယားနှင့် ပတ်သက်တာတွေ အဆောက်အဦနှင့် ပတ်သက်တာတွေ သူများ နဲ့ မတူဘဲ ဒီဇိုင်းတွေ အားလုံး ကွန်ပျူတာတစ်လုံးနှင့် သူ အလုပ်ရှုပ်နေမှာ ကို မမနိုင် သိနေမှာ ပါ။ ဒါပေမဲ့ အပြစ်ပေးသည့်နေ့ဆို မမနိုင် တစ်ခေါက်မှ လာမကြည့်တတ်ပေ။

အိမ်အကူ မိန်းကလေး မိအေးနှင့် နွားနို့တစ်ခွက် ပို့ခိုင်းတာက လွဲပြီး အဆင်ပြေလားလို့ မေးကြည့်ဖို့ လည်း စိတ်ကူးဟန် မတူ၊ အခန်းထဲက ဒရင်းဘတ်ပေါ် လာအိပ်ပြီလား ဆိုတာတောင် မမနိုင် သတိထားချင်မှ ထားမိမှာ ပါ။

"ဒေါက် ဒေါက် အသစ်"

"ဟင် ရန်လေး"

ရန်နောင်က တံခါးကို တိုးသဲ့စွာ ခေါက်ပြီး စာကြည့်ခန်းအတွင်း ဝင်လာ၏။ မျက်နှာမှာ စိတ်မကောင်းသော အရိပ်အယောင်တွေကို တွေ့ရသည် ။

"မင်း မအိပ်သေးဘူးလား ရန်လေး"

"တစ်ရေး နိုးလာတာ၊ နာရီလည်း ကြည့်ဦး၊ မနက် သုံးနာရီ ထိုးနေပြီ၊ မင်း နည်းနည်း နောက်ကျလို့ မမနိုင် အပြစ်ပေးတော့မယ် ဆိုတာ သိတယ်၊ ဒါပေမဲ့ ဒီလောက် အချိန်ထိ လုပ်စရာလားကွာ၊ မမနိုင် အိပ်တာနဲ့ ဝင်အိပ်လိုက်တာ မဟုတ်ဘူး ၊ မနက်လည်း ကုမ္ပဏီမှာ အလုပ်ဝင်ရဦးမှာ ၊ ဘာလဲ မင်းက ပြန်ပြီး စိတ်ကောက် ပြနေတာလား"

ရန်လေး စကားကြောင့် သူ မချိတရိ ဟွန်းခနဲ ရယ်လိုက်မိသည် ။

"မင်းအစ်မက ငါ စိတ်ကောက်တော့ရော ချော့မှာ မို့လား။ အိပ်မောကျပြီး၊ ငါဘာဖြစ်တယ် ဆိုတာတောင် သိမှာ မဟုတ်ပါဘူး။ သူ အပြစ်ပေးတာကို ခံလိုက်ရလို့ ကျေနပ်ပီတိဖြစ်ပြီး အိပ်မက်တော် ကောင်းကောင်းတောင် မက်နေဦးမယ်"

"ငါ အရမ်း အားနာပါတယ်ကွာ၊ တစ်ခါတလေ မမနိုင် အရမ်းလွန်တယ်"

"မင်း ပြုမူတာ မဟုတ်ဘဲ မင်းက ဘာလို့ အားနာနေတာလဲ၊ ထက်မြက်တဲ့ မိန်းမတစ်ယောက်ကို ယူမိတဲ့ ငါ့ကံတရားပါ"

"အသစ် မင်းအသံက နာကြည်းရိပ်တွေ စွက်နေတယ်၊ မမနိုင်ကို မင်း စိတ်ကုန်နေပြီလား"

ရန်လေး စိုးရိမ်စွာ အမေးမှာ ဖြည်းလေးစွာ ခေါင်းခါ ပြလိုက်ရသည် ။

"စိတ်ကုန်တာတော့ မရှိပါဘူး။ ငါ ချစ်လို့ ယူထားတာပဲ။ ဒါပေမဲ့ စိတ်တော့ နာချင်တယ်၊ လင်ယောကျ်ား တစ်ယောက် အိမ်ထောင်ဦးစီး တစ်ယောက်လို လေးစား မခံရတဲ့ ငါ့အဖြစ်ကို မင်း ကိုယ်ချင်းစာကြည့်

စမ်းပါ၊ လူပုံအလယ်မှာ နှိမ့်ချဖို့ လည်း ဝန်မလေးဘူး၊ ရှုတ်ချရမှာ လည်း တွေဝေမနေဘူး၊ အမှားအယွင်းရှိရင် ပေးတဲ့ အပြစ်ဒဏ်က မာနကို ပို ပြီး ထိခိုက်တယ်"

ရင်နာစွာ ပြောမိတော့ ရန်လေးက သူ့ပခုံးကို နှစ်သိမ့်သလို လာပြီး ဆုပ်ညှစ်ကာ

"မမနိုင် လွန်မှန်း ငါသိပါတယ်၊ ဒါပေမဲ့ မမနိုင်က မင်းကို အရမ်းချစ် ပါတယ် အသစ်ရာ၊ သူ မင်းကိုချစ်လို့ အရမ်းစိုးရိမ်ပြီး ဖြစ်စေချင်တာ တွေ များ နေလို့ ပါ၊ ငါ့ကိုလည်း လမ်းမှာ မရောက်အောင် ဆုပေး ဒဏ် ပေးစနစ်နဲ့ ငယ်ငယ်ကတည်းက အလေ့အကျင့် လုပ်ခဲ့တာ"

"ငါတို့ သူငယ်နှပ်စား မဟုတ်တော့ဘူး ရန်လေး၊ အရွယ်ရောက်လို့ လုပ်ငန်းခွင်ထဲ ဝင်နေကြပြီ၊ စီးပွားရေးတစ်ခုကိုပဲ ကြည့်နေမယ် ဆိုရင် အိမ်ထောင်ရေး ဘယ်လို သာယာ တော့မှာ လဲ"

"မင်းတို့ ပြဿနာ တက်ထားကြတာလား အသစ်၊ စကား များကြ သေးလား"

"ကြောက်ရွံ့နေရတဲ့ သူကို ပြဿနာ ရှာရဲပါ့မလားကွာ၊ မင်းကို ရင်ဖွ င့်တာပါ၊ မင်းက ငါ့ကို နားလည်ပေးတဲ့ သူငယ်ချင်း ယောက်ဖမို့လေ၊ ကဲပါ မင်း စိတ်မကောင်း မဖြစ်ပါနဲ့ ၊ ညနေက မင်းက ဘယ်လို စောပြီး အိမ်ပြန်ရောက်တာလဲ၊ လမ်းမှာ မီးပွိုင့် မမိဘူးလား"

စကားလမ်းကြောင်း လွှဲလိုက်တော့ ရန်လေး မျက်နှာလည်း ပြောင်း သွားကာ

"မီးပွိုင့်ကတော့ ထုံးစံအတိုင်းပေါ့၊ အရက်သောက်ပြီး ထွက်ပေါက် ရှာတာ မမနိုင် မသိအောင် မြန်မြန်သောက် မြန်မြန် ပြန်လာတော့ မမနို

င် မရိပ်မိ တော့ဘူးလေ၊ ပီကေ ဝါး လာပြီး အိမ်ရှေ့ကျမှ ထွေးထုတ်လိုက်တယ်၊ အနံ့လည်း မရတော့ သတ်မှတ်တဲ့ အချိန်လည်း ပြန်ရောက်လာတာကို မမနိုင် ကျေနပ်နေတာ"

"မင်းလည်း အလေ့အကျင့်လို ဖြစ်နေရင်းနဲ့ အရက်သမား ဖြစ်နေဦးမယ်"

"မူးအောင် သောက်ရဲတာမှ မဟုတ်တာ၊ ဘယ်လိုလုပ် အရက်သမား ဖြစ်မှာ လဲ"

"မင်း အခန်းထဲမှာ ခွက်ပုန်းစော်တာ မမနိုင်သိရင် မိုးမီးလောင်မှာနော်၊ တခြားနည်း ပြောင်းသုံးကြည့်ပါလား၊ ရည်းစားထားတာ ဖြစ်ဖြစ်"

"အဲဒါက မဖြစ်ဘူး၊ ရည်းစား ထားပြီး ချစ်မိသွားရင် ကွိုင်ကွ၊ မမနိုင်နဲ့ ဖေဖေက သူတို့ သဘောတူတဲ့ သူနဲ့ ပဲ လက်ထပ်ပေးမှာ ၊ အဲဒါကြောင့် ကုမ္ပဏီက အပြန် ဒီလိုနည်းနဲ့ ပဲ စိတ်လန်းဆန်းအောင် လုပ်နေတာ"

"ရန်လေးရာ"

ရန်လေးအတွက်လည်း စိတ်မကောင်းပေ။ အိမ်နှင့် အလုပ်၊ အလုပ်နှင့် အိမ်၊ အချိန်မှန်စား၊ အချိန်မှန်သွား၊ အချိန်မှန် အိပ်၊ စက်ရုပ်လို ဖြစ်နေတာမို့ ရန်လေးလည်း မွန်းကျပ်နေမှာ တော့ အမှန်ပင်။

လူငယ်ဘဝရဲ့ ပျော်ရွှင်မှု လွတ်လပ်မှု အားလုံး မမနိုင်က ရီမုတ် ကွန်ထရိုးဖြင့် ထိန်းချုပ် ကိုင်တွယ်ထားတာ။ အမှားအယွင်း ရှိလျှင် မောင်အရင်း ဖြစ်သည့် ရန်လေးကိုလည်း အလုပ်တွေ ဖိခိုင်းပြီး အပြစ်ပေးတတ်တာမို့ ရန်လေးဘဝကလည်း သနားစရာပါ။

ဒီနာရီဝက် အချိန်မှာ တောင်မှ ရန်လေးနဲ့ သူ နှစ်ယောက် တိုင်ပင်

ပြီး မမနိုင်ကို အမျိုးမျိုး ချော့မော့ ကတိပေး၍ တောင်းခဲ့ရသည် ။

ဒါပေမဲ့ အပြင်ထွက်လျှင်တော့ ရန်လေးက စားသောက်ဆိုင် သွားပြီး သူက ကော်ဖီဆိုင်။

တစ်နေရာဆီ ဆိုပေမဲ့ တစ်ခါတလေလည်း ဖုန်းနှင့် ချိန်းဆိုပြီး နှစ်ယောက် အတူပြန်ဖြစ်သည့် အချိန်တွေလည်း ရှိသည် ။ ဘာပဲဖြစ်ဖြစ် ဒီအခြေအနေလေးဟာ ငါးနှစ်ဝန်းကျင် ကာလ သူ ကျေနပ်စွာ ဖြတ်သန်းခဲ့ပြီးပြီမို့ …။

***

## အခန်း (၄)

"မောင် ရေချိုးပြီးသွားပြီ လာ ထိုင်"

ဦးအောင်ထွဋ်မင်းနှင့် ရန်လေးရှေ့မှာ မနေ့က ဘာမှ မဖြစ်သလို ပုံမှန်အသံနှင့် ခေါ်လိုက်တာ ဆိုပေမဲ့ မျက်နှာလေးက တင်းမာနေဆဲ ဖြစ်သည် ။ နောက်ထပ် အပြစ်မလုပ်ရဲအောင် တစ်ရက် နှစ်ရက်တော့ သူစိမ်းတစ်ယောက်လို ခပ်တင်းတင်း ခပ်မှန်မှန် ဆက်ဆံ ခံရဦးမှာ ပါ။

"ဟင်"

သူ့အတွက် ပေါင်မုန့်မီးကင်နှင့် နွားနို့တစ်ခွက်သာ ပြင်ဆင် ထားတာမို့ နှာခေါင်းရှုံ့မိကာ ထိုင်ခုံမှာ ဝင်မထိုင် ဖြစ်သေးချေ။

ပေါင်မုန့် မီးကင်ကို အဆာပြေတောင် မစားချင်လောက်အောင် သူမုန်းသည် ဆိုတာ မမနိုင် သိနေလျက်နဲ့ ။ မမနိုင် တမင် စီစဉ်ထားတာဖြစ်မည်။

မနက်စာဆို မုန့်တီသုပ်၊ ခေါက်ဆွဲသုပ်၊ ရွှေတောင်ခေါက်ဆွဲနှင့် ကတ်ကြေးကိုက်လို ဟာမျိုးတွေကိုသာ သူ ကြိုက်၏။ စိတ်လိုလက်ရ ဆိုရင်တော့ မမနိုင် သူ့အကြိုက်ကို သိပြီး လုပ်ပေးတတ်၏။

"အသစ် လာ ထိုင်လေကွာ"

"အင်း"

သူ စိတ်မပါစွာ ဝင်ထိုင်လိုက်ပြီး ဆေးလက်ဖက်ခြောက် ရေနွေးခွက်ကိုသာ ငုံ့၍ သောက်လိုက်၏။ သူ တစ်ညလုံး တစ်ရေးမှ အခန်းထဲကို လာမအိပ်ဘဲ အလုပ်လုပ်နေတာကို မမနိုင် တကယ်ပဲ မသိဘူးလား။

မသိချင်ယောင် ဆောင်နေသည် ပဲ ထားဦး။ သူ ကြိုက်သည့် ကော်ဖီ စိမ့်စိမ့်လေး တစ်ခွက်တော့ တိုက်သင့်သည် ။ မနက်တစ်ခါ ညတစ်ခါ ပုံမှန် တိုက်နေသည့် နွားနို့ကို သူ မြင်တောင် မမြင်ချင်တော့။

"အသစ် သောက်လေ၊ ဘာလုပ်နေတာလဲ၊ ကုမ္ပဏီမှာ ဒီနေ့ အစည်းအဝေး လုပ်စရာရှိတယ်၊ မြေကွက်ကိစ္စ အရှုပ်အရှင်းရှိလို့ ဦးအောင်မြိုင် ဖုန်းဆက်တယ်"

"နွားနို့ပူတုန်း သောက်လိုက်၊ ကျန်းမာရေး ကောင်းတယ်၊ ညက မင်း တစ်ညလုံး အလုပ်လုပ်ထားလို့ ခေါင်းမကြည်ဘူး မဟုတ်လား၊ လူငယ်ဆိုတာ အဲလို ကြိုးစားမှုရှိမှ ကောင်းတာကွ၊ ဖေဖေ့တုန်းက အဲဒီထက် ပိုပင်ပန်းခဲ့တယ်၊ ဒါပေမဲ့ မညည်းညူခဲ့ဘူး၊ အားမလျှော့ခဲ့ဘူး၊ အပြိုင်အဆိုင်ရှိလေ ပိုပြီး အပင်ပန်းခံရလေပဲ"

"ဟုတ်တယ် ဖေဖေ ပြီးတော့ မမနိုင် အလှည့်မှာ လည်း နေမအိပ် ညမအိပ် ကြိုးစားခဲ့ရတာ၊ ဒီလောကက ပိုပြီး ကလိပ်ကကျစ်များ တယ်၊ တစ်ကွက်မှားလို့ ခံရပြီဆိုရင် တစ်သက်စာ နလံမထူးနိုင်အောင် ဖြစ်သွားနိုင်တယ်၊ မင်းတို့ နှစ်ယောက် ဒီထက်ပိုပြီး ကြိုးစားမှ ဖြစ်မယ်"

အစားအသောက် ဝိုင်းမှာ တောင် ဦးအောင်ထွဋ်မင်းနှင့် မမနိုင် စီးပွားရေးအကြောင်း ပြောဖို့ မမေ့ပေ။ ရန်လေးက သူ့ခံစားမှုကို နားလည်နေပြီး အလယ်က ကိတ်မုန့်ပန်းကန်ကို သူ့ရှေ့ချပေးကာ

"ကိတ်မုန့်ကို နွားနို့နဲ့ မျှောချလိုက်ကွာ၊ ဗိုက်ပြည့်ရင် ပြီးတာပဲ နေ့လယ်စာတော့ မင်းအကြိုက် ငါးခူစင်းကော ချက်လာမယ်လို့ မမနိုင် ပြောတယ်ကွ၊ ကင်မွန်းချဉ်လည်း ကြော်လာမှာ ပါ၊ ဟုတ်တယ် မဟုတ်လား မမနိုင်"

"အင်း မအေး ချက်နေတယ်၊ ကျက်တာနဲ့ မမနိုင် ထမင်းချိုင့်ယူပြီး လိုက်ခဲ့မယ်၊ ကုမ္ပဏီကို မင်းတို့ သွားနှင့်ကြ၊ သြော် မမနိုင် ရောက်တာနဲ့ အစည်းအဝေးလုပ်မယ် ဆိုတာလည်း ကြိုပြောထား၊ ဦးအောင်မြိုင်ကို တာဝန် ပေးထားတဲ့ ကိစ္စ အမှားအယွင်း ဖြစ်နေတယ်၊ အဆုံးသတ် မကောင်းဘူးဆိုရင် မင်း အဲဒီတာဝန် ယူရမယ်"

"ဗျာ"

အသစ် ခေါင်းထောင်သွားပြီး နွားနို့ သောက်နေတာတောင် လည်ပင်းနင်သွား၏။ ဦးအောင်မြိုင် တာဝန်ယူထားသည့် ကိစ္စက သူရော ရန်လေးရော အမှားအယွင်း ဖြစ်ထားဖူးသည် ။

"တစ်ခါမှားပြီးရင် သင်ခန်းစာယူပြီး နောက်မမှားအောင် ဂရုစိုက်မယ်ဆို၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိဘူးလား"

"ကျွန်တော် ကြိုးစားကြည့်ပါ့မယ်"

"ထပ်မှားလို့ တော့ မဖြစ်ဘူးနော်"

"ဟုတ်ကဲ့"

"လွယ်လွယ်တော့ ကတိမပေးနဲ့ ၊ အစွမ်းအစကို စောင့်ကြည့်ဦးမယ် "

လင်ယောက်ျားလို မဟုတ်ဘဲ ဝန်ထမ်းတစ်ယောက်လို သတိပေး ခံရတာမို့ ရင်မှာ အောင့်သက်သက် ဖြစ်သွားသည် ။ ဒါပေမဲ့ မျက်လုံးတစ်ချ

က်တောင် လှန်မကြည့်ရဲသည့် အခြေအနေပါ။ ဟုတ်ကဲ့ ဆိုသော စကားလုံးကို အလေ့အကျင့်ရစွာ သုံးနှုန်းရင်း မမနိုင်ရဲ့ လွှမ်းမိုးမှု အောက်မှာ သူဟာ ကျိုးနွံစွာဖြင့်...။

***